နေ့စွဲ – ၂၉. ၁. ၂၀၁၂

## ဒေသန္တရအသင်းတော်နှင့်ကိုယ်ခန္ဓာအိုင်ဒီယာအကြောင်း(Congregation and Body)

အသင်းတော်အကြောင်းကိုပြောသည့်အခါ၊ ကျမ်းစာသည် အသင်းတော် ဆိုသည့်စကားလုံးကို အမြဲတမ်း ပုံစံတမျိုးထဲနှင့် သုံးလေ့မရှိပါ။ ဝတ်ပြုခြင်းပြုလုပ်ကြသည့် အဆောက်အဦးကို ဘယ်တော့မှ အသင်းတော်ဟု မခေါ်ပါ။ ကျမ်းစာက အသင်းတော် ဆိုသည့်စကားလုံးကို နေရာဒေသတခုခု၌နေထိုင်ကြသည့် ယုံကြည်သူ အစုကို ရည်ညွှန်းလေ့ရှိပါသည် (၁ကော ၁း၂၊ ဗျာ ၂း၁၊ ၈၊ ၁၂)၊ (သို့) လူ့သမိုင်းတလျှောက်၌ရှိသော ဘုရားသခင်၏ရွေးကောက်ခြင်းခံရ၍ ကယ်တင်ခြင်းရသူများပါဝင်သည့် အုပ်စုကြီးကို (ကိုယ်ခန္ဓာဟုလည်း ပုံဆောင်၍ခေါ်တတ်ပါသည်)ရည်ညွှန်းပါသည် (ဧဖက် ၁း၂၃)။

အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာဟုလည်းခေါ်သလို၊ ဒေသန္တရအသင်းတော်(နေရာတခုတွင်ရှိနေသည့်ယုံကြည်သူအစုအဝေး)ဟုလည်း ခေါ်ပါသည်။ ၄င်းတို့နှစ်ခုကြားရှိခြားနားမှုကို ပုံစံအတော်များများနှင့်ပြော၍ရပါသည်။ တခါတရံ အသင်းတော် ဒေသန္တရအသင်းတော်အနေနှင့် တည်ထောင်ထားသောအသင်းတော်(ဩအငအေကအနု)ဟုခေါ်ပါသည်။ (သို့) မြင်ရသောအသင်းတော်(visible)ဟုခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် မြင်ရ၍ဖြစ်သည်။ ကမ္ဘာပေါ်တွင် တည်ထောင်ထားသည့်ပုံစံဖြင့်မြင်နေရသည်။ ထို့အတူ ကယ်တင်ခြင်းခံရသူများအစုအဝေးကိုလည်း မမြင်ရသောအသင်းတော်(invisible) (သို့) အသင်းတော်၏ဩဂဲန်းနစ်ဇင်ဟုခေါ်ပါသည်။(organism= ဩဂဲန်းနစ်ဇင် ဆိုသည်မှာ အသက်ရှင်သောသတ္တဝါဟုအဓိပ္ပါယ်ရပါသည်)။ ထိုသို့ခေါ်ရခြင်းမှာ အသင်းတော်သည် ခရစ်တော်၌အသက်ရှင်နေ၍ဖြစ်ပါသည်။ မမြင်ရသောအသင်းတော်ဟုပြောရခြင်းမှာ အသင်းတော်၏အဆုံးသတ်နယ်နိမိတ်မည်သည့်နေရာအထိဖြစ်ကြောင်း မမြင်နိုင်၍ဖြစ်ပါသည်။

အသင်းတော်ကို ကိုယ်ခန္ဓာတခုအနေနှင့်ကြည့်သည့်အခါ ၄င်းတွင် ဘုရားသခင်က ရွေးကောက်ကယ်တင်ထားသူများသာ ပါဝင်ပါသည် (၁ပေ ၂း၉)။ သို့သော် ဒေသန္တရအသင်းတော်ထဲတွင်တော့ အမြဲတမ်း အယောင်ဆောင်များပါတတ်ပါသည် (ဗျာ ၂း ၁၄–၁၅၊ ၃း၁၇–၁၈)။ အသင်းတော်ကို ကိုယ်ခန္ဓာတခုအနေနှင့်ကြည့်လျှင် ၄င်းတွင် သေပြီးယုံကြည်သူများ၊ အသက်ရှင်နေဆဲ ယုံကြည်သူများ၊ ခရစ်တော်၌ရွေးကောက်ထားပြီးဖြစ်သော်လည်း မမွေးဖွားကြသေးသူများ၊ ကယ်တင်ခြင်းကိုမရကြသေးသူများ ပါဝင်ကြပါသည်။ အသင်းတော်အား ဒေသန္တရအသင်းတော်အနေနှင့်ကြည့်သောအခါ ၄င်းတွင် မြေကြီးပေါ်ရှိ အချိန်တခုတွင်အသက်ရှင်နေကြသည့်လူတစုသာ ပါဝင်ပါသည်။

ထိုသို့ ဒေသန္တရဆိုသည်နှင့်ကိုယ်ခန္ဓာတခုဆိုသည်ကို ခြားနားလျှက် နားလည်ခြင်းသည် အရေးကြီးပါသည်။ ကမ္ဘာပေါ် တွင် ဒေသန္တရအသင်းတော် အများအပြားရှိမည်မှန်သော်လည်း(ဗျာ ၂၊ ၃)၊ ခရစ်တော်၏ခန္ဓာမှာ တခုတည်းသာရှိပါသည်(၁ကော ၁၂း၁၂)။ ထိုခန္ဓာကို ၄င်း၏ရန်သူများက မနာကျင်စေနိုင်၊ မဖျက်ဆီးနိုင်ပါ (မဿဲ ၁၆း၁၈)။ သို့သော် ဒေသန္တရအသင်းတော်ကိုမူ လုံးဝပျောက်သွားအောင် ဖျက်ဆီးနိုင်ပါသည်၊ ဖျက်လည်းဖျက်ဆီးလေ့ရှိပါသည် (၁ကော ၁း၁၁၊ ဗျာ ၃း၁၊ ၁၆)။ ထို့အပြင် ဒေသန္တရအသင်းတော်တခုသည် ခရစ်တော်၏အသင်းတော်အဖြစ်မှ ရွေ့လျှော့သွားနိုင်ပါသည် (ဗျာ ၂း၅)။ အသင်းတော်အား ထိုအနှစ်သာရနှစ်မျိုးဖြင့် ခြားနားစွာနားလည်ရပါမည်၊ ထိုအခါ ရှုပ်ထွေးမှုများမရှိနိုင်တော့ပါ။

အသင်းသူ/သားများနှင့်ပတ်သက်၍ပြောရလျှင်၊ အသင်းတော်ကို ဒေသန္တရအနေနှင့်၄င်း၊ (ခရစ်တော်၏)ကိုယ်ခန္ဓာအနေနှင့်၄င်း နားလည်ခြင်းသည် အရေးကြီးပြန်ပါသည်။ ကျွန်တော်တို့အနေနှင့် ဒေသန္တရအသင်းတော်တခုတွင် ပါဝင်ဖို့ရန် တာဝန်ရှိကြသော်လည်း(ဟေဗြဲ ၁၀း၂၅)၊ ခရစ်တော်၏ကိုယ်ခန္ဓာသို့ပါဝင်ရခြင်းအခွင့်ကိုမူ ဘုရားသခင်က ရွေးကောက်ခြင်းဖြင့်၄င်း၊ ကရာနိကုန်းပေါ်သွန်းသော အသွေးတော်အားဖြင့်၄င်း လုပ်ပေးခြင်းဖြစ်ပါသည်(ကော ၁း၁၂–၁၄)။

မည်သို့ပင်ဖြစ်ပါစေ၊ အသင်းတော်ဆိုသောစကားလုံးတခုကို ထိုသို့အဓိပ္ပါယ်နှစ်မျိုးဖြင့် ခြားနား၍ရသော်လည်း တခါတရံတွင်မူ နှစ်ခုစလုံးသောအနှစ်သာရဖြင့် တကြိမ်ထည်းတွင် အသုံးပြုတတ်ပြန်ပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာတစိတ်တပိုင်းကို ဒေသန္တရအသင်းတော်တွင် တွေ့ရသောကြောင့်ဖြစ်ပါသည်။ ထိုသို့ခရစ်တော်၏ကိုယ်ခန္ဓာ တစိတ်တပိုင်းရှိနေ၍သာ ဒေသန္တရအသင်းတော်ကို အသင်းတော်ဟု ခေါ်နိုင်ရခြင်းဖြစ်သည်။

ကျွန်တော်တို့ ဘာကိုပြောနေကြသနည်းဆိုသော်၊ အသင်းတော်ဆိုသည့်စကားလုံးကိုအမှန်နိုင်ဆုံးအဓိပ္ပါယ်နှင့်ဖွင့်ဆိုရလျှင် ကယ်တင်ခြင်းရသောလူတစုသာလျှင်ပါဝင်သောအစုအဝေးတခုဟူ၍ဖြစ်ပါမည်။ အချို့သော ဒေသန္တရအသင်းတော်များကို ကျမ်းစာထဲ၌ အသင်းတော်ဟု မှန်ကန်စွာခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကယ်တင်ခြင်းခံရသူများ ပါဝင်နေ၍ဖြစ်သည်၊ ဘာနှင့်တူသနည်းဆိုသော် ဓမ္မဟောင်းကာလ အစ္စရေးနိုင်ငံကို စစ်မှန်သောအစ္စရေးများပါဝင်၍ အစ္စရေးဟုခေါ်ခဲ့သည်နှင့်တူပါမည် (ရော ၂း၂၈–၂၉၊ ၉း၆၊ ဂလာတိ ၃း၂၉)။

ထို့ကြောင့် အသင်းတော်နှင့်ပတ်သက်သည် ကျမ်းစာ၏သင်ပေးမှုများကို လေ့လာကြပါမည်၊ ထိုသို့ဖြင့် အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာအနေဖြင့်၎င်း၊ ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့အစည်းအနေနှင့်၎င်း ချစ်မြတ်နိုးကာ၊ ရှိသေလေးစားလာကြပါမည်။

## အသင်းတော်၏အမည်များအကြောင်း(The Names of the Church)

ကျမ်းစာထဲတွင် အသင်းတော်အတွက် အမည်အမျိုးမျိုးကို များပြားစွာသုံးထားပါသည်။ ထိုနာမည်များသည် ဘုရားသခင်က အသင်းတော်နှင့်ပတ်သက်၍ကျွန်တော်တို့ကိုသိစေချင်သော ဗျာဒိတ်ဖွင့်ပြချက်များဖြစ်ကြပါသည်။ နာမည်တခုစီက အသင်းတော်၏အရေးကြီးမှုတခုစီကိုပြောပြကြပါသည်။

အသင်းတော်ဆိုသောအမည်သည် “ခေါ်ထုတ်ထားသူများ”ဟု အဓိပ္ပါယ်ရသည်၊ ဘုရားသခင်က သူ၏လူများကို အမှောင်တိုက်ထဲမှ အံ့ဩဖွယ်အလင်းသို့ မိမိ၏နှုတ်ကပတ်တော်ဖြင့် ခေါ်ထုတ်ထားသည်၊ ထို့နောက် ထူးခြားသောလူတစုအဖြစ် ဖွဲ့စည်းလိုက်သည်ဆိုသည့်အကြောင်းကိုပြောပြသည် (၁ပေ ၂း၉)။ အသင်းတော်ဆိုသည့်အမည်ကို ကျမ်းစာတွင် အများဆုံးသုံးသည်ကို အံ့ဩစရာမရှိပါ။ ၎င်းနာမည်က အသင်းတော်၏ဖြစ်တည်မှုနှင့်ကောင်းချီးမင်္ဂလာများခံစားနေရမှုတို့သည် ဘုရားသခင်၏ ခေါ်တော်မူခြင်းနှင့်အစိုးရတော်မူသောကျေးဇူးတော်ကြောင့်သာဖြစ်ကြောင်း ဖေါ်ပြနေပါသည်။

အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာဟုလည်းခေါ်ပါသည် (၁ကော ၁၂း၁၂–၂၇)။ ဤနာမည်က အသင်းတော်၏ဦးခေါင်းအဖြစ် ခရစ်တော်၏ဘုန်းကျက်သရေကို ကျွန်တော်တို့အား သတိရစေပါသည်။ ခရစ်တော်နှင့်ညီညွတ်စွာအသက်ရှင်နေခြင်း၊ အသင်းသူ/သားများ တဦးနှင့်တဦးကြား ဆက်နွယ်နေမှုတို့ကို သတိရစေပါသည်။ အသင်းတော်ဆိုသည် ခရစ်တော်၏ကိုယ်ခန္ဓာတွင် ခရစ်ယာန်တို့သည် တဦးနှင့်တဦး အင်္ဂါများဖြစ်ကြသည်၊ ထို့အပြင် ခရစ်တော်၏အင်္ဂါများလည်း ဖြစ်ကြပါသည်။

ထို ခရစ်တော်၏ကိုယ်ခန္ဓာဆိုသည့်အမည်ကို အထူးသဖြင့် ဧက်သြဝါဒစာနှင့် ကောလောသဲသြဝါဒစာတို့တွင် အသုံးပြုပါသည်။ အထူးပြုချက်အနည်းငယ်ကွဲပြားလျှက် သုံးကြသည်။ ဧက်သြဝါဒစာတွင် အသင်းတော်သည်အဘယ်နည်းဆိုသည်နှင့် ခရစ်တော်ကြောင့်ရသောအသင်းတော်၏ဘုန်းကျက်သရေကို အထူးပြုပါသည်။ ကောလောသဲသြဝါဒတွင်မူ ခရစ်တော်သည် အသင်းတော်၏ဘုန်းကျက်သရေပြည့်ဝသောဦးခေါင်းဖြစ်သည်ဟု အထူးပြုပါသည်။

ကျမ်းစာက အသင်းတော်ကို စပျစ်နွယ်ပင်နှင့်လည်းနှိုင်းပါသည် (ယော ၁၅း၁–၆)။ သစ်ပင်အနေနှင့်လည်းဖေါ်ပြပါသည် (ရောမ ၁၁း၁၆–၂၄)။ ဓမ္မဟောင်းကျမ်းစာတွင်လည်း ထိုနှစ်မျိုးကိုသုံးထားသည်ကိုတွေ့ရပါသည် (ဆာလံ ၈၀း၈၊ ဟေရှာ ၅း၁–၇)။ ထို့ကြောင့် အစ္စရေးနှင့်အသင်းတော်သည် တခုတည်းဖြစ်ကြောင်း ပြောနေခြင်းဖြစ်သည်။ ထိုသို့နှိုင်းယှဉ်မှုများက ခရစ်တော်နှင့်အသင်းတော်ကြား ညီညွတ်မှု၊ ဆက်နွယ်မှုသည် မည်မျှနီးကပ်လှကြောင်းပြောနေခြင်းဖြစ်သည်။ ထို့အပြင် အသင်းတော်၏ ခရစ်တော်အပေါ် လုံးလုံးလျှားလျှားမှီခိုနေရမှုကိုလည်း ပြောပြပါသည်။ သူသည် (စပျစ်)နွယ်ပင်ဖြစ်သည်၊ ကျွန်တော်တို့သည် အကိုင်းအခက်များဖြစ်ကြပါသည်။

နောက်ခြားနားသောအမည်တခုမှ ဘုရားသခင်၏ဗိမ္မာန်တော်ဆိုသည့်အမည်ဖြစ်သည် (၁ကော ၃း၁၆–၁၇၊ ၂ကော ၆း၁၆၊ ဧဖက် ၂း၂၀–၂၁) (သို့) ဘုရားသခင်၏အိမ်ဟုလည်းခေါ်ပါသည် (၁တိ ၃း၁၅၊ ဟေဗြဲ ၃း၆၊ ၁ပေ ၂း၄–၉)။ သတိပြုရမည်မှာ အသင်းတော်တွေ့စုံသောနေရာအဆောက်အဦးကို ခေါ်ခြင်းမဟုတ်ဘဲ၊ ယုံကြည်သူများစုဝေးနေခြင်းကို ဘုရားသခင်၏အိမ်ဟုခေါ်ခြင်းဖြစ်သည်။ အသင်းတော်ကို ဗိမ္မာန်တော်ကဲ့သို့သောအဆောက်အဦနှင့်ခိုင်းနှိုင်းသောအခါ၊ ၎င်း၏လှပခြင်း (သို့) မြတ်နိုးစရာကောင်းခြင်း၊ ညီညွတ်နေခြင်းတို့ကို သတိရစေပါသည်။ ထိုဝိညာဉ်ရေးရာအဆောက်အဦးတွင် ယုံကြည်သူတဦးစီတိုင်းအတွက် နေရာရှိပါသည်။ ထို့အပြင် အဆောက်အဦတခုတွင် မျိုးစုံသောပစ္စည်းများဆင်ယင်ထားသကဲ့သို့ တဦးနှင့်တဦး မတူကြသောအသင်းသူ/သားများသည် အသင်းတော်တွင် နေရာမျိုးစုံကို ဝင်ယူကြရပါသည် (၁ကော ၁၂)။ သို့သော် အသင်းသူ/သားအားလုံးသည် ဘုရားသခင်ကပိုင်ဆိုင်သော ထိုအဆောက်အဦး၏အစိတ်အပိုင်းများဖြစ်ကြပါသည်။

အိမ်၊ အဆောက်အဦး၊ ဗိမ္မာန်တော်ဟု အသင်းတော်ကိုခေါ်သည့်အခါ၊ အဓိကအဓိပ္ပါယ်မှာ ထိုနေရာသည် ဘုရားသခင်သူ့လူများနှင့်အတူနေသောနေရာဖြစ်သည်ဟု ပြောနေခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့လူများနှင့်အတူ သူတို့၏ဦးခေါင်းဖြစ်သော ခရစ်တော်အားဖြင့် တမိုးရိပ်အောက်တွင် မိသားစုကဲ့သို့ နေထိုင်တော်မူပါသည်။ ထိုနေရာတွင် ဘုရားသခင်နှင့်သူ့လူများ ရင်းနှီးစွာဆက်ဆံကြသည်၊ သူတို့ထံတွင် မိမိ၏ပဋိညာဉ်ကိုပြုတော်မူသည်၊ သူတို့ကို ထာဝရကောင်းချီးပေးတော်မူပါသည်။

## အသင်းတော်၏အခြားအမည်များအကြောင်း(Other Names for Church)

ကျမ်းစာက အသင်းတော်အတွက် အမည်အမြောက်အများကိုသုံးစွဲကြောင်းတွေ့ခဲ့ကြပြီဖြစ်သည်။ ထိုသို့သုံးခြင်းသည် အသင်းတော်ဆိုသည်မှာအဘယ်နည်းဆိုသည်ကို သိရန်နှင့် အသင်းတော်ကိုချစ်တတ်ရန်ဖြစ်သည်။ ထိုအမည်များကိုကြည့်ခြင်းဖြင့် အသင်းတော်သည် ဘုရားသခင်၏မျက်လုံးတော်များရှေ့တွင် မည်မျှအရေးကြီးကြောင်းသိနိုင်ပါမည်၊ ထိုသို့ပင် ကျွန်တော်တို့ မျက်လုံးများရှေ့တွင်လည်း ဖြစ်သင့်ပါသည်။

ထိုနာမည်များကို စုဝေးလျှက် ဟေဗြဲသြဝါဒစာ ၁၂း၂၂–၂၄ တွင်တွေ့ရပါသည်။ ထိုစာပိုဒ်များတွင် အသင်းတော်ကို ဇိအုန်တောင်၊ အသက်ရှင်တော်မူသောဘုရားသခင်၏မြို့တော်၊ ကောင်းကင်ဂျေရုဆလင်မြို့၊ အထွေအထွေအစည်းအဝေးကြီးထံ၊ ဆိုလို

သည်မှာ၊ ကောင်းကင်ဘုံ၌ရေးသားထားသော သားဦးတို့၏အသင်းတော် ဟူ၍ခေါ်ထားပါသည်။ အသင်းတော်သည် ဓမ္မသစ်ကာလ၏သန့်ရှင်းသောနိုင်ငံတော်လည်းဖြစ်ပါသည် (၁ပေ ၂း၉)။

ဤနေရာမှနေ၍ အသင်းတော်နှင့်အစ္စရေးသည် အတူတူပင်ဖြစ်ကြောင်း သင်ရပါသည်။ အစ္စရေးဆိုသည်မှာ ဓမ္မဟောင်းကာလအသင်းတော်ဖြစ်ပြီး၊ အသင်းတော်သည် ဓမ္မသစ်ကာလအစ္စရေးဖြစ်ပါသည်။ မိမိနေထိုင်ရာအဖြစ် ဘုရားသခင်က ရွေးချယ်သော၊ အစ္စရေးနိုင်ငံ၏မြို့တော်အတွက် အသုံးပြုသော နာမည်များကို ဓမ္မသစ်ကျမ်းစာတွင် အသင်းတော်၏အမည်အဖြစ်သုံးထားပါသည်။ ထိုသို့ပင် ဗျာဒိတ်ကျမ်း ၂၁ ၌ ကောင်းကင်တမန်က ယောဟန်ကို ဘုရားသခင်၏မြို့တော်၊ ယေရှုရှလင်မြို့သစ်၊ သိုးသငယ်၏ဇနီးဟု အသင်းတော်ကိုပြခဲ့ချိန်တွင်လည်း တွေ့ရပါသည်။

ဤနေရာတွင် အဆုံးသတ်နိဂုံးချုပ်သက်သေခံခြင်းတမျိုးကို တွေ့ရပါမည်။ ထိုသက်သေခံခြင်းမှာ အသင်းတော်သည် (စပျစ်)နွယ်ပင်(ယော ၁၅း၁–၆ နှင့် ဆာလံ ၈၀း၈ တို့ကိုနှိုင်းယှဉ်ကြည့်ပါ)၊ ဘုရားသခင်၏ဗိမ္မာန်တော်၊ ဘုရားသခင်၏အိမ်၊ ဇိအုန်တောင်၊ ယေရှုရှလင်၊ အသက်ရှင်သောဘုရားသခင်၏မြို့တော် စသည်တို့ဖြစ်ပါသည်ဟုပြောနေသဖြင့် ဓမ္မသစ်ကာလ၏အသင်းတော်သည် ဓမ္မဟောင်းကာလရှိအစ္စရေးတို့နှင့် ဘာမဆိုတူကြောင်း သံသယမဖြစ်အောင် သဘောပေါက်စေခြင်းဖြစ်သည်။

ထိုအချက်ကို ကျွန်တော်တို့ပို၍မပြောခင်၊ ထိုနာမည်များ၏အရေးပါမှုကို ဂရုပြုစေချင်ပါသည်။ အသင်းတော်ကို မြို့တော်၊ နိုင်ငံတော် အဖြစ်ဖော်ပြနေရာ၊ ၎င်းသည် ဘုရင်တပါးရှိသော၊ ဥပဒေများ၊ ယဉ်ကျေးမှုများ၊ ဘာသာစကားများ အသီးသီးပိုင်ဆိုင်ကြသည့် ဝိညာဉ်ရေးရာနေသဟာယနိုင်ငံတော်တမျိုးဖြစ်ကြောင်းကို ဖော်ပြနေခြင်းဖြစ်ပါသည်။ အသင်းသူ/သားများသည် ထိုနိုင်ငံတော်၏နိုင်ငံသားများဖြစ်ကြပါသည်၊ နိုင်ငံသားတို့၏ရပိုင်ခွင့် အခွင့်အရေးအားလုံးကိုပိုင်ဆိုင်ကြသော နိုင်ငံသားများဖြစ်ကြပါသည်။ ထိုနိုင်ငံတော်ထဲတွင် ၎င်းတို့ကို ရန်သူများ၏ရန်မှ ဘုရင်တကာတို့၏ဘုရင်က ကာကွယ်ပေးကာ သေချာစွာအုပ်ချုပ်တော်မူပါသည်။

သို့သော် အသင်းတော်သည် ဝိညာဉ်ရေးရာနိုင်ငံတော် မြို့တော် ဖြစ်ပါသည်။ ယခင်ကလည်းထိုသို့ဖြစ်သလို ယခုလည်းထိုသို့ပင်ဖြစ်ပါသည်။ ၎င်း၏တံတိုင်းများသည် ကယ်တင်ခြင်းဖြစ်သည်၊ ၎င်း၏အဝင်တံခါးများသည် ချီးမွမ်းခြင်းဖြစ်ပါသည် (ဟေရှာ၆၀း၁၈)။ ၎င်း၏ “သော့”များမှာ ဧဝံဂေလိတရားဟောခြင်းနှင့်ခရစ်ယာန်တို့၏စည်းကမ်းထိန်းသိမ်းခြင်းကိုလက်တွေ့ကျင့်သုံးခြင်းတို့ ဖြစ်ကြပါသည် (မဿဲ ၁၆း၁၉၊ ၁၈း၁၅–၂၀)။ အသင်းတော်၏အခြေခံအုတ်မြစ်များမှာ တမန်တော်များ၏သွန်သင်မှု၊ ပရောဖက်များ၏သွန်သင်မှုတို့ဖြစ်ကြပါသည်။ ဆိုလိုသည်မှာ ကျမ်းစာတော်မြတ်ကိုဖြစ်ပါသည် (ဧဖက် ၂း၂၀–၂၂၊ ဗျာ ၂၁း၁၄)။

အသင်းတော်ကို နောက်တခါ ခံတပ်ဖြစ်သောဇိအုန်တောင်နှင့်ဖော်ပြပါသည်။ ပြောချင်သည်မှာ အသင်းတော်သည် မိမိဘုရင်၏အုပ်ချုပ်မှုအောက်တွင် မည်သူမှမနိုင်အောင်ခိုင်မာသောခံတပ်ကြီးဖြစ်သည်ဆိုသည့်အကြောင်းဖြစ်သည်(ဆာလံ ၄၈း၁၂–၁၄)။ ထိုသို့သော တံတိုင်းများ၊ အဝင်တံခါးများ၊ သော့များရှိလျှက်နှင့် မည်သူကနိုင်နိုင်ပါမည်နည်း? ထို့ကြောင့် ငရဲ၏တံခါးများကပင် အသင်းတော်ကိုဆန့်ကျင်၍အနိုင်မရနိုင်ဟုပြောသည့်အခါ အံ့သြစရာမဟုတ်တော့ပါ (မဿဲ ၁၆း၁၈)။

သို့သော် ထိုအဖြစ်မှန်များကို ယုံကြည်ခြင်းဖြင့်သာ တွေ့မြင်နိုင်ပါမည်။ ကမ္ဘာကြီး၏မျက်လုံးများရှေ့တွင်တော့ အသင်းတော်သည် အမြဲတမ်း သေးငယ်လှပါသည်၊ အထင်သေးခံအကြွင်းအကျန်၊ အုပ်စုငယ်ကလေးအဖြစ်သာရှိပါသည် (လုကာ ၁၂း၃၂)၊ ဥယာဉ်ထောင့်မှတဲငယ်လေး၊ သခွားခြံထဲရှိတင်းကုပ်ကလေး၊ ရန်သူအဝိုင်းခံနေရသောမြို့တော်မျှသာဖြစ်ပါသည် (ဟေရှာ ၁း၈)။ ယုံကြည်ခြင်းဖြင့်သာ အသင်းတော်သည် “တည်ငြိမ်လှပသောဂျေရုရှလင်မြို့၊ ကြောက်လန့်ဖို့ကောင်းသောအလံတော်များဖြင့်တပ်မတော်ကြီး”အဖြစ်မြင်တွေ့နိုင်ပါသည် (ရှောလမုန်သီချင်း ၆း၄၊ ၁၀)။ ထို့ကြောင့် ကျွန်တော်တို့သည် ယုံကြည်ခြင်းနှင့်ဇိအုန်အနား၌သွားလာကြပါမည်၊ ၎င်း၏မျှော်စင်များကို သေချာပြောကြပါမည်၊ ၎င်း၏အကာအကွယ်တံတိုင်းများကို သေချာစွာမှတ်သားကြပါမည်၊ ၎င်း၏နန်းတော်ရာများကို သေချာစွာစဉ်စားဆင်ခြင်ကြပါမည်။ ထိုသို့ပြုလျှင် ဘုရားသခင်သည် အသင်းတော်၏ ဘုရားသခင်ဖြစ်သည်ဟု သေချာစွာသိလာပါမည် (ဆာလံ ၄၈း၁၂–၁၄)။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++

## ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီ

ဒီလိုပြောရင် သိပ်သိကြမယ်မထင်ပါ။ ဒါပေမဲ့ လူဟာမျောက်ကဆင်းသက်တယ်လို့ပြောရင်လူတိုင်းလောက်နီးပါးက ဘာကိုပြောကြောင်းသိပါတယ်။ ကျောင်းစာတွေမှာဒါကိုအခြေခံပြီးသင်တာကိုး၊ သဘာဝသမိုင်းပြတိုက်မှာလဲ မျောက်ကနေ တဖြည်းဖြည်းလူဖြစ်လာပုံကို အရုပ်လေးတွေနဲ့ပြထားတာ ဒီနေ့ထိသွားကြည့်လို့ရပါတယ်။ မြန်မာပြည်ရဲ့သဘာဝသမိုင်းပြတိုက်ကို တိရိစ္ဆာန်ရုံနောက်မှာထားပါတယ်။

ဒီသီအိုရီဟာ တကယ်မဟုတ်ပေမဲ့ တကမ္ဘာလုံးက၊ မြန်မာပြည်အပါအဝင်၊ ပညာတတ်တွေ လက်ခံနေကြပါတယ်။ သိပ္ပံနည်းလုံးဝမကျပေမဲ့ သိပ္ပံနည်းအကျဆုံးလို့ အတင်းရောအဓမ္မရောပြောနေကြတာ ဒီနေ့အထိပါဘဲ။ ဒီသီအိုရီကို လူတွေ ဒီလောက်သဘောကျရတာ ဘာဖြစ်လို့လဲဆိုတော့ အစပျိုးမှုအားလုံးကို ဘုရားသခင်က ဖန်ဆင်းတာမဟုတ်ဘူး။ သူ့ဘာသာသူဖြစ်လာတာ။ ဒါကြောင့် ဖန်ဆင်းရှင် သုံးပါးတဆူဘုရားသခင်၊ အထူးသဖြင့် ခရစ်ယာန်တို့ရဲ့ဘုရားမရှိဘူးလို့ ပြောနိုင်ဖို့ အတော်အသုံးဝင်တဲ့ သီ

အိုင်ရီဖြစ်လို့ပါဘဲ။ တခြားဘုရားတွေတော့ရှိမယ်၊ ဒါပေမဲ့ ဖန်ဆင်းသောတန်ခိုးတော်ရှင် သုံးပါးတဆူဘုရားသခင် ရှိစရာမလိုဘူးလို့ ပြောချင်တာဖြစ်တယ်။

ဒီသီအိုရီဟာ အရင်ဆုံး ဂရိလူမျိုးတွေကြားမှာ ဘီစီ ၆၀၀ ဝန်းကျင်ကထဲကရှိနေခဲ့တာပါ။ ဒါပေမဲ့ ကမ္ဘာလက်ခံအောင် စနစ်တကျရေးသားခြင်းမရှိခဲ့ဘူးပေါ့။ ဒါကို သေချာစနစ်တရပ်ဖြစ်အောင် ရေးသားသူကတော့ ချားလ်(စ်)ဒါဝင် ဆိုတဲ့ အင်္ဂလိပ်လူမျိုးဖြစ်ပါတယ်။ သူဟာ ကျမ်းစာကျောင်းကနေ ဘွဲ့ရခဲ့သူဖြစ်ပါတယ်။ တခြားဘွဲ့တွေလဲရတာပေါ့။ ဒါ့ကြောင့် ကျမ်းစာကျောင်းတက်တိုင်း လူကောင်းဖြစ်မလာနိုင်ပါဘူး။ သူ့ကို ၁၈၀၉ မှာမွေးပြီး၊ ၁၈၈၂ မှာ ကွယ်လွန်ပါတယ်။ သူဟာအတော်ချမ်းသာပါတယ်။ အဖေ့ထံက အမွေအများကြီးရသလို၊ သူ့ဇနီးကလည်း အမွေတွေအများကြီးရလို့ဖြစ်တယ်။ ဒါ့ကြောင့် သူ့မဟုတ်ကဟုတ်က သီအိုရီတွေကို နာမနည်ကြီးပညာရှင်တွေလက်ခံအောင် သူ့အိမ်မှာဖိတ်ကျွေးမွေးပြီး စည်းရုံးနိုင်တာပေါ့။

သူဟာ စာရေးလဲ အတော်ကိုညံ့ပါတယ်။ သူ့ရဲ့သီအိုရီတွေကိုလက်မခံပေမဲ့ ဇနီးကောင်းပီသစွာ သူ့မိန်းမက အားလုံးကို ပြန်ရေးပေးပါတယ်။ သူ့သမီးလဲပါတာပေါ့။ ပြီးတော့ အဲဒီဆင့်ကဲဖြစ်ပေါ်မှုသီအိုရီကိုရေးလို့ သူဟာ စိတ်ရောဂါလည်း အပြင်းအထန်ရလာပါတယ်။ လူကြားထဲ ဇနီးမပါရင်မသွားရဲဘူး၊ ထင်ယောင်ထင်မှားတွေဖြစ်တယ်၊ ကတုန်ကရင်ဖြစ်သောရောဂါရတယ်။ အိပ်လို့မပျော်ဘူး။ အမြဲကြောက်လန့်နေတယ်။ အထူးသဖြင့် စာရေးရင်ကြောက်လန့်အော့အန်တဲ့ရောဂါဖြစ်တယ်။ သူ့ စာရေးခန်းထဲမှာကို လက်ဆေးဇလုံထားရတယ်။ ဒါမှ အချိန်မရွေးထိုးအန်လို့ရအောင်ဖြစ်တယ်။ ဒီတော့ ဒီလိုအရူးတယောက်ရဲ့သီအိုရီကို တကမ္ဘာလုံးကလက်ခံနေတာဟာ လူတွေရဲ့ ဘုရားကိုမုန်းတီးမှု ဘယ်လောက်ပြင်းထန်သလဲလို့သိနိုင်တာပေါ့။

ပြီးတော့ ဒါဝင်ဟာ မိန်းမတွေကို အင်မတန်နှိမ်သူဖြစ်တယ်။ အိမ်ထောင်ပြုခါနီးမှာ၊ ဘာလို့ အိမ်ထောင်ပြုရမလဲလို့ သူ စဉ်းစားတယ်။ လူဟာတယောက်ထဲနေရင်လဲ ပျင်းစရာကောင်းတယ်တဲ့၊ ပြီးတော့ မိန်းမတယောက်နဲ့နေတာဟာ ခွေးတကောင်နဲ့ အတူနေတာထက်စာရင်တော့ ပိုကောင်းပါတယ် ဆိုပြီး၊ ချမ်းသာတဲ့ သူ့တဝမ်းကွဲညီမကို ယူလိုက်ပါတယ်။

ပြီးတော့ ဒါဝင်ဟာ တိရိစ္ဆာန်တွေကို ညှင်းဆဲသတ်ဖြတ်ရတာအတော်ကို သဘောကျသူဖြစ်တယ်။ အဲဒီခေတ်မှာ အပျော်အမဲလိုက်တယ်ဆိုတာ အင်္ဂလိပ်လူချမ်းသာတိုင်းလုပ်ကြတာပါဘဲ။ ဒါကို ဘာမှမပြောလိုပါဘူး။ ဒါပေမဲ့ ဒါဝင်ကတော့ အမဲလိုက်တာထက်ပိုပါတယ်။ သူက ရှဉ့်လေးတွေ၊ ငှက်လေးတွေကို တူနဲ့ထုသတ်ရတာအတော်အရသာတွေ့ပါတယ်။ ပုံမှန်အမဲလိုက်ခြင်းမဟုတ်ပါဘူး။ ရက်စက်တာကို ခုံမင်တာ၊ တူနဲ့အထုခံရလို့ ကြေမွပြီးနာကျင်စွာသေကြတာကို သဘောကျတာဖြစ်တယ်။ ဒါ့ကြောင့် သူ့သီအိုရီကလည်း ရက်စက်တာကိုး။ ဒါတွေကို လူတွေကဖုံးဖိထားကြပါတယ်။

ပြီးတော့ သူဟာ လူမျိုးခွဲခြားနှိမ်တတ်သူဖြစ်ပါတယ်။ သူ့အမြင်မှာ အာဖရိက လူမဲတွေ၊ ဩစတေးလျတိုက်က မူရင်းလူမျိုး အဘိုရီးဂျင်း လူမဲတွေ၊ ကပ္ပလီလူပုမဲကလေးတွေ၊ တောင်အမေရိကတိုက်က ရက်အင်ဒီယန်းလူမျိုးတွေဟာ မျောက်ကနေဆင်းသက်လာတာမကြာသေးဘူးတဲ့၊ ဆိုလိုတာက တိရိစ္ဆာန်တပိုင်း လူတပိုင်းအဆင့်ဘဲရှိသေးတယ်တဲ့။ ကျွန်တော်တို့အရှေ့ အာရှသားလူဝါတွေကိုလည်း ဒီလိုဘဲ ထင်မှာဖြစ်တယ်။ လူဖြူတွေဘဲ အဆင့်မြင့်တယ်လို့ပြောပါတယ်။ ဒါ့ကြောင့် သူဟာ စိတ်ထားမကောင်းသူဖြစ်တယ်။

သူ့ရဲ့ဝါဒကိုလိုက်နာတဲ့လူဆိုးကြီးတွေကြည့်ရအောင်၊ ဟစ်တလာက ဒါဝင်ရဲ့သီအိုရီကို လက်တွေ့အသုံးချပြီး၊ လူမျိုးနွယ်စုသန့်စင်ရေးဆိုပြီး သတ်လိုက်တာ ၁၉၄၂–၄၅ အတွင်းမှာ လူ ၁၅ သန်းကို မီးရှို့သတ်ပစ်ခဲ့ပါတယ်။ ဒီနေ့ခေတ်အမေရိကန်နိုင်ငံမှာလဲ သူ့သီအိုရီကိုယူပြီး "ယူဂျီးနီးစ်"လှုပ်ရှားမှုတွေပေါ်လာပါတယ်။ အဲဒါကတော့ ကိုယ်ဝန်ဆောင်ချိန်မှာ ကလေးဟာ အင်္ဂါမစုံ၊ လူစင်မမှီရင် မိခင်က ကိုယ်ဝန်ဖျက်ချနိုင်ခွင့်တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒီတော့ အသုံးမဝင်ရင်သတ်ပေါ့၊ အစမှာ ကလေးအသုံးမဝင်ရင်၊ နောက်ဆိုရင် အသက်ကြီးလို့အသုံးမဝင်ရင်၊ ခြေလက်ပြတ်လို့အသုံးမဝင်ရင်၊ ရောဂါဆိုးရလို့ အသုံးမဝင်ရင် အားလုံးကိုသတ်ဆိုတာတွေ ဆက်လာတော့မှာဖြစ်တယ်။

ဒါ့ကြောင့် ကျွန်တော်တို့ခရစ်ယာန်တွေ ဒီဝါဒကိုသတိပြုကြပါ။ ဆင့်ကဲဖြစ်ပေါ်တိုးတက်မှု သီအိုရီဟာ သိပ္ပံပညာ မဟုတ်ပါဘူး။ ဘုရားကိုဆန့်ကျင်သော ဝါဒတခု၊ ဘာသာရေးတမျိုးသာဖြစ်ပါတယ်။ ဒါကို မယုံကြည်သူတွေကို ဖန်ဆင်းသောတန်ခိုးတော်ရှင်၊ သုံးပါးတဆူ ခရစ်ယာန်ဘာသာကို မလိုချင်လို့ ကိုးကွယ်ကြတာဖြစ်ပါတယ်။ အဲဒီ ဆင့်ကဲဖြစ်ပေါ်မှုဝါဒကို ယုံကြည်သူတွေဟာ တခြားဘုရားလို့ခေါ်တဲ့လူအားလုံးကိုတော့ လက်ခံကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ သုံးပါးတဆူဘုရားသခင်ကိုဘဲ လက်မခံချင်ကြတာဖြစ်တယ်။

---

၂ကော ၇း၁–၁၆ (ကျမ်းဘုရင်မူ)
၁ – ထို့ကြောင့် အလွန်မြတ်နိုးစွာချစ်ရသောသူတို့ ငါတို့သည် ထိုကတိတော်များကိုရရှိကြသဖြင့် မိမိတို့ကိုယ်ကို အသွေးအသားနှင့် ဝိညာဉ်၏ အညစ်အကြေးအားလုံးမှနေ၍ သန့်ရှင်းစေကြပါမည်၊ ဘုရားသခင်အားကြောက်ရွံ့ရှိသေခြင်းဖြင့် သန့်ရှင်းခြင်း၌ ပြည့်စုံကြပါမည်။
၂ – ငါတို့ကို လက်ခံကြပါ၊ ငါတို့သည် မည်သူ့ကိုမှ မမှားစေကြပါ၊ ငါတို့သည် မည်သူ့ကိုမှ မပျက်စီးစေကြပါ၊ ငါတို့သည် မည်သူ့ကိုမှ မလှည့်ဖြားကြပါ။
၃ – သင်တို့ကို ရှုတ်ချဖို့ ထိုသို့ငါပြောသည် မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ယခင်ကငါပြောခဲ့သလို၊ သင်တို့နှင့်အတူ သေဖို့၊ အသက်ရှင်ဖို့ သင်တို့သည် ငါတို့နှလုံးသားများထဲတွင် ရှိကြပါသည်။

၄ – သင်တို့ထံသို့ဆိုလျှင် ငါ၏စကားပြောချက်သည် ရဲရင့်လှပါသည်၊ သင်တို့ကိုငါချီးမြှောက်ခြင်းသည် ကြီးမားလှပါသည်၊ ငါသည် နှစ်သိမ့်ခြင်းနှင့်ပြည့်နေပါသည်၊ ငါတို့ခံရသော ဘေးဒုက္ခအားလုံးတွင် ငါသည် အတိုင်းထက်အလွန် ဝမ်းမြောက်လျှက်ရှိပါသည်။

၅ – အဘယ့်ကြောင့်ဆိုသော် ငါတို့ မက်စီဒိုးနီးယားနိုင်ငံသို့ လာကြသောအခါ၊ ငါတို့၏အသွေးအသားများသည် အနားမရကြပါ၊ ထို့အပြင် အဖက်ဖက်မှဒုက္ခများသည် ရောက်လာနေကြပါသည်၊ အပြင်ဖက်မှ တိုက်ခိုက်ခြင်းများ၊ အတွင်းဖက်တွင်မူ ကြောက်ရွံ့မှုများဖြင့် ပြည့်နေပါသည်။

၆ – သို့သော် အနှိမ်ခံများထံ နှစ်သိမ့်ခြင်းကိုပေးသော ဘုရားသခင်က တိုက်တပ်စ်ကိုရောက်လာစေခြင်းဖြင့် ငါတို့ကို နှစ်သိမ့်စေပါသည်၊

၇ – သူရောက်လာခြင်းကြောင့်သာမဟုတ်ပါ၊ သင့်တို့ထံတွင် သူရခဲ့သော နှစ်သိမ့်မှုကြောင့်လည်း ဖြစ်ပါသည်၊ သူက သင်တို့၏ စိတ်အားထက်သန်စွာလိုချင်မှု၊ သင်တို့၏ညီတွားနေရမှု၊ ငါ့ထံသို့ထားကြသော သင်တို့၏ပြင်းထန်သောစိတ်ဓါတ် စသည်တို့ကို ပြောပြသောအခါ၊ ငါသည် ပို၍ဝမ်းမြောက်ရပါသည်။

၈ – ငါသည် သင်တို့ကို စာတဆောင်ဖြင့် ဝမ်းနည်းစေသော်လည်း၊ နောင်တရခဲ့သော်လည်း ယခုတွင် ငါနောင်တမရတော့ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုစာက သင်တို့ကို ဝမ်းနည်းစေသော်လည်း၊ ခဏသာဖြစ်ပါသည်။

၉ – ယခုတွင် ငါဝမ်းမြောက်ပါသည်၊ သင်တို့ကို ဝမ်းနည်းစေသောကြောင့်မဟုတ်ပါ၊ သင်တို့သည် နောင်တရခြင်းသို့ ဝမ်းနည်းကြသောကြောင့်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့ကို ဘုရားသခင်အားကြောက်ရှိသေခြင်းပုံစံနှင့် ဝမ်းနည်းစေသောကြောင့် ဖြစ်ပါသည်၊ ထို့သို့ဖြင့် သင်တို့သည် ငါတို့အားဖြင့် မည်သည့်ပျက်စီးခြင်းကိုမှ မရကြသောကြောင့်ဖြစ်သည်။

၁၀ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်အားကြောက်ရွံ့ရိုသေသောဝမ်းနည်းခြင်းက ကယ်တင်ခြင်းရစေသောနောင်တရခြင်းကို ဖြစ်စေပါသည်၊ သို့သော် ဤကမ္ဘာကြီး၏ဝမ်းခြင်းကမူ သေခြင်းကို ဖြစ်စေပါသည်။

၁၁ – အဘယ့်ကြောင့်ဆိုသော် ကြည့်ပါ သင်တို့ကို ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းနှင့်ညီသော ဝမ်းနည်းခြင်းကိုဖြစ်စေသည့် ဤအရာက သင်တို့ထံတွင် မည်သည့် ဂရုတစိုက်ဖြစ်မှုကို ဖြစ်စေပါသနည်း! မှန်သည်၊ မည်သို့သော မိမိတို့ကိုယ်ကို အပြစ်ကြည် လင်စေခြင်းကို ဖြစ်စေပါသနည်း! မှန်ပါသည်၊ မည်သည့် နာကြည်းမှုကိုဖြစ်စေသနည်း! မှန်ပါသည်၊ မည်သည့်ကြောက်ရွံ့မှုမျိုး နည်း! မှန်ပါသည်၊ မည်သည့် ပြင်းထန်သောစိတ်ဆန္ဒကိုဖြစ်စေပါသနည်း! မှန်ပါသည်၊ မည်သည့် စိတ်အားထက်သန်မှုဖြစ်စေသ နည်း! မှန်ပါသည်၊ မည်သည့် လက်စားချေမှုဖြစ်စေသနည်း! အရာခပ်သိမ်းတွင် သင်တို့သည် မိမိတို့ကိုယ်ကို ဤအမှု၌ ကင်းရှင်းစေကြပါသည်။

၁၂ – ထို့ကြောင့် သင်တို့ထံ ငါရေးနေသော်လည်း၊ အမှားကိုကျူးလွန်သူအတွက် ငါရေးသည်မဟုတ်ပါ၊ နစ်နာသူအတွက်လည်း မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သင်တို့ကို ဘုရားသခင့်မျက်မှောက်တွင် ငါတို့ မည်မျှဂရုစိုက်ကြသည်ကို ထင်ရှားရန် ရေးသားခြင်းဖြစ်ပါသည်။

၁၃ – ထို့ကြောင့် ငါတို့သည် သင်တို့၏နှစ်သိမ့်ခြင်းတွင် နှစ်သိမ့်မှုရကြပါသည်၊ မှန်ပါသည်၊ ထို့အပြင် တိုက်တပ်စ်၏ ဝမ်းမြောက်မှုကြောင့် ငါတို့သည် ပို၍အတိုင်းထက်အလွန် ဝမ်းမြောက်ကြရပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏ဝိညာဉ်သည် သင်တို့ကြောင့် လန်းဆန်းသွားခဲ့ပါသည်။

၁၄ – ငါသည် သူ့ထံတွင် သင်တို့အတွက် တစုံတခုကြောင့် ဝါကြွားခဲ့သည်မှန်လျှင်၊ ငါ ရှက်မည်မဟုတ်ပါ၊ သို့သော် ငါတို့သည် အားလုံးကို အမှန်အတိုင်း သင်တို့ထံ ပြောသလို၊ ငါတို့၏ဝါကြွားခြင်းလည်းဖြစ်ပါသည်၊ တိုက်တပ်စ်ရှေ့တွင် အမှန်တရားအတိုင်း ပင်ဖြစ်ပါသည်။

၁၅ – ထို့အပြင် သင်တို့က သူ့ကို မည်သို့သော ကြောက်ရွံ့မှု၊ တုန်လှုပ်မှုဖြင့် လက်ခံကြကြောင်း၊ သင်တို့အားလုံး၏ နာခံမှုကို သူသတိရလျှက်၊ သူ၏အတွင်းစိတ်မှချစ်ခြင်းသည် သင်တို့ထံသို့ ပို၍များပြားလာလျှက်ရှိပါသည်။

၁၆ – ထို့ကြောင့် ငါသည် သင်တို့ထံ၌ အာရာအားလုံးအတွက် ယုံကြည်စိတ်ချလျှက် ဝမ်းမြောက်နေပါသည်။

=======================================

ဆုတောင်းခြင်း

သခင်ဘုရား၏နေ့ (၄၇)

၁၂၂။ ပထမအသနားခံတောင်းလျှောက်ခြင်းကားအဘယ်နည်း?

***“ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော”*** ဖြစ်သည်။ ဆိုလိုသည်မှာ ပထမအနေနှင့်၊ ကိုယ်တော်အား မှန်ကန်စွာသိခွင့်ပေးပါ။ ကိုယ်တော်၏တန်ခိုး၊ ဉာဏ်ပညာ၊ ကောင်းမြတ်ခြင်း၊ ဖြောင့်မှန်ခြင်း၊ ဂရုဏာရှိခြင်းနှင့် မှန်ကန်ခြင်းတို့ကို ရှင်းလင်းစွာပြသနေသော ကိုယ်တော်၏အလုပ်များအားလုံး၌၊ ကိုယ်တော်ကို ရိုသေလေးစားခွင့်၊ ချီးမြှောက်ခွင့်၊ ချီးမွမ်းခွင့်ကို ပေးတော်မူပါ။ ထို့အပြင် ကျွန်ုပ်တို့၏အသက်တာတခုလုံး၊ ကျွန်ုပ်တို့၏ အတွေးများ၊ စကားလုံးများ၊ အပြုအမူများကို အမိန့်ပေးလျှက်၊ လမ်းညွှန်ပါမည်၊ ထို့သို့ဖြင့် ကိုယ်တော်၏နာမတော်သည် မည်သည့်အခါတွင်မှ စောက်ကားရှုတ်ချခံခြင်းကို မဖြစ်စေပါ၊ ထို့မှခြားနားစွာ ကျွန်ုပ်တို့အတွက်ကြောင့် နာမတော်ကို ရိုသေလေးမြတ်ခြင်းနှင့်ချီးမွမ်းခြင်းတို့ကိုသာ ဖြစ်စေပါမည်။

(မဿဲ ၆း၉၊ ယော ၁၇း၃၊ ယေ ၉း၂၃–၂၄၊ မဿဲ ၁၆း၁၇၊ ယာကုပ် ၁း၅၊ ဆာလံ ၁၁၉း၁၃၇–၁၃၈၊ လု ၁း၄၆၊ ဆာလံ ၁၄၅း၈–၉၊

**၁၁၅း၁၊ ၇၁း၈)**